www.burmeseclassic.com

အပျိုလိုမနေမိလို့

ခင်မျိုးချစ်

ကျွန်မသည် အသက်သုံးဆယ့်ငါးနှစ်တိုင်တိုင် အပျိုကြီးလုပ်လာခဲ့ပါသည်။ တချို့တွေလို ရေခဲစိမ်၊ ဒိုဘီပေး မဟုတ်ဘဲ အပျိုဆိုးဘဝမှာ အပျိုစစ်တစ်ဦးအဖြစ်နှင့် ကိုယ့်ကိုယ်ကို ထိန်းသိမ်းခဲ့သူ ဖြစ်ပါသည်။ ကျွန်မ အပျိုကြီးဖြစ်ရခြင်းမှာ အရုပ်ဆိုး၍ ကြိုက်သူမရှိ၍ မဟုတ်ပါ။ ကျွန်မ၏ ရုပ်ရည်မှာ အသက် ၂၀ လောက်ကများဆိုလျှင် မြင်သူတွေ ငေးလောက်အောင် ချောသဖြင့် လမ်းထွက်လျှင် လူတွေ၏ မျက်လုံးရည်ကြောင့် ကျွန်မမှာ ရှက်ကိုးရှက်ကန်းဖြစ်ရပါသည်။ မိဘမှာ အရာရှိပိုင်းကဖြစ်၍ ခေတ်ပညာကိုလည်း ဆယ်တန်းအောင်အထိ သင်ခဲ့ပါသည်။ ဆယ်တန်းအောင်သည့်နှစ်ကပင် ဖခင်ကြီး ဆုံးသဖြင့် လက်ရေးတိုနှင့် လက်နှိပ်စက်ပညာကိုသင်ကာ ရန်ကုန်မြို့ အစိုးရရုံးတွင် အလုပ်လုပ်ရပါသည်။ ထိုအခါက ကျွန်မ၏ အသက်မှာ ၂၀ မပြည့်သေးပါ။ လူတိုင်းကပင် ကျွန်မကဲ့သို့ ချောမောသည့်မိန်းကလေးတစ်ဦးသည် ကြာရှည်အလုပ်လုပ်မည်မထင်။ မကြာမီ အိမ်ထောင်ပြုလိမ့်မည်ဟု အောက်မေ့ကြပါသည်။ သို့သော် ကျွန်မမှာ တစ်နှစ်ထက်တစ်နှစ် အသက်ကြီးအရွယ်ဟိုင်းလာသော်လည်း အိမ်ထောင်နှင့် ဝေးခဲ့ပါသည်။ ဝေးရခြင်းမှာလည်း အထက်က ပြောခဲ့သလို ကြိုက်သူမရှိ၍ မဟုတ်ဘဲ နဖူးစာကံက ကြိဖန်၍သာ လွဲရပါသည်။

မိဘစုံလင်စဉ်က စပ်ဟပ်သူတွေလည်း မနည်းပါ။ ထိုအခါကတော့လည်း အသက်ငယ်သေးသည်ဟု နေခဲ့ပါသည်။ တစ်ဦးတည်းသောသမီးမို့ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ချပေးဖို့ရန် မိဘများကလည်း နှမြောကြပါသည်။ ကျွန်မကိုယ်တိုင်လည်း တစ်ဦးတည်းသောသမီးအဖြစ်နှင့် မကြောင့်မကြ မတောင့်မတ နေရသည့်ဘဝနှင့် ပျော်နေမိပါသည်။

ထိုအခိုက်အတွင်း ဖခင်ကြီး အနိစ္စရောက်သွားပြီးရေးကလို ကုံလုံခြင်းမရှိသော်လည်း ပညာကို အားကိုးကာ အလုပ်လုပ်ကိုင်နေရသည့် ဘဝမှာလည်း နဂိုက ပစ္စည်းအခံရှိသူဖြစ်သည့်အလျောက် ဒါလုပ်မှ ဒါစားရသူများနှင့် မတူ ချမ်းသာစွာ နေရပါသည်။ အလုပ်အကိုင်မှာ အပျင်းပြေ စိတ်မလေရုံဖြစ်၍ ရသည့်ငွေကို အဝတ်အစား အမျိုးမျိုး ဝယ်ခြင်းစသည် သုံးဖြုန်းကာ စိတ်ပျော်နေမိပါသည်။

ထို့ကြောင့်လည်း လာ၍စပ်ဟပ်သူများကို စိတ်တိုင်းမကျနိုင် ကြေးများခဲ့သည် မဟုတ်ပါလော။

တရားမဝန်ထောက်ကလေး ကိုမြမောင်မှာ ပညာကလည်း ဘီအေ-ဘီအယ်၊ အသက်ကလည်း နှစ်ဆယ့်ငါးနှစ်၊ ရုပ်ရည်ကလည်း အပြစ်ဆိုစရာမရှိ။ "ခင်မင်မှုမရလျှင် သေရပါလိမ့်မည်" ဟု မရှက်မကြောက် အောင်သွယ်ဒလန်တွေလွှတ်ကာ မေမေ့ကို နားပူခဲ့သည်။ သူကိုယ်တိုင်လည်း အိမ်ကို ရေထွက်မတတ်လာသည်။ အစက မေမေက သဘောတူတော့မလိုလိုနှင့် တကာယ်တန်းကျလာသောအခါ "မဖြစ်နိုင်ပါဘူးသမီးရယ်၊ သူတို့က အစိုးရအလုပ်ဆိုတော့ မြို့ပြောင်းရမှာ၊ မေမေကလည်း ရန်ကုန်မှာ သမီးဖေဖေရဲ့ လက်ငုတ်ဖြစ်တဲ့ ဒီတိုက်အိမ်ကို မခွာနိုင်တော့ သမီးနှင့် လိုက်မနေနိုင်၊ ခွဲလည်းမခွဲနိုင်ဖြစ်မှာပဲ။ ပြီးတော့ လင့်တစ်

www.burmeseclassic.com

မျက်နှာ တစ်ရှာထင်ပြီး သမီးလိုက်သွားရမှာကို မေမေ မချိလွန်းလို့" ဟု မျက်ရည်ကလေးစမ်းစမ်းနှင့် ပြောရှာပါသည်။ ကျွန်မမှာ ဖခင်ကြီးမရှိ၍ အမေတစ်ခု သမီးတစ်ခု ချစ်ခင်နေရသဖြင့် ဝမ်းနည်းမိကာ "မငိုပါနဲ့ မေမေရယ်၊ မေမေနှင့် ခွဲရမယ်ဆိုရင် ရှင်ဘုရင်ကြီးဖြစ်ပစေ သမီး မယူပါဘူး။ အခုလည်း သမီးက မေမေ့သဘောတစ်ခုပါ။ သူ့ကို ဘယ်လိုမှမအောက်မေ့ပါဘူး"ဟု ချော့မော့ရပါသည်။

ရန်ကုန်မြို့ပေါ်မှာပင် နေထိုင်လျက်ရှိသော စက်သူဌေးကိုဘဝင်းမှာ ပညာကတော့ အိုင်အေလောက်ပဲ တတ်ပါသည်။ ရုပ်ရည်လည်း အန်ချင်စရာ ပုံမဆိုးလှပါ။ အသက်လည်း ကျွန်မထက် ငါးနှစ်ခြောက်နှစ်လောက်ပဲ ကြီးပါသည်။ ပစ္စည်း နှစ်သိန်း–သုံးသိန်းလောက် ရှိပါသည်။ သူကလည်း ကျွန်မကို လိုချင်၍ မေမေ့ကို အမျိုးမျိုးကပ်ပါသည်။ မေမေ့မှာ အစတွင် ငါ့သမီး မခင်မှု သူဌေးကတော်ဖြစ်ရမှာပဲဟု သဘောကျသလိုလိုရှိပြီး တကယ်တော့ တွေ့တော့ဆိုင်ဆိုင် ဖြစ်လာသောအခါ "မောင်ဘဝင်းက တော်ပါရဲ့သမီးရယ်။ သူနဲ့ဆိုရင် မေမေနှင့်လည်း မခွဲရဘူး၊ ကောင်းသားပဲလို့တော့ အောက်မေ့မိပါရဲ့။ ဒါပေမဲ့ အိမ်ထောင်ရေးဆိုတာ အခက်သားနော်။ လွယ်တာမဟုတ်ဘူး၊ အများကြီး စဉ်းစားရတယ်။ မောင်ဘဝင်းမှာ ညီအစ်ကိုမောင်နှမတွေ သိပ်များတယ်၊ ရှစ်ယောက်တောင်ပဲ။ သူက အကြီးဆုံး။ ပြီးတော့ ယောကျ်ားလေးဆိုလို့ သူနှင့် ညီအငယ်ဆုံးကလေး ခုမှဘာအသက်ကြီးသေးလို့လဲ၊ ဆယ့်နှစ်သာရှိသေးတယ်။ ကြားထဲမှာ နှမတွေ အပြိုင်းအရိုင်း အပျိုတွေချည့်ပဲ၊ ကောလိပ်မှာတစ်ချို့၊ ကွန်ဗင့်မှာတစ်ချို့၊ ဒါတွေကို မိဘမရှိတော့ မောင်ဘဝင်းက အုပ်ထိန်းနေရတာပဲ။ သမီးနှင့်သူယူကြရင် ဒီညီအစ်ကိုမောင်နှမတွေနဲ့ ခွဲလို့ဖြစ်မှာမဟုတ်ဘူး။ အတူနေရမှာပဲ။ ဒီတော့ ခက်တယ်သမီးရယ်။ ယောင်းမအပျိုတွေ ခြောက်ယောက်ဆိုတဲ့ တာဝန်က နည်းတာမဟုတ်ဘူး။ ပစ္စည်းဥစ္စာ ဘယ်လောက်ပဲ ပြည့်စုံပြည့်စုံ စိတ်ညစ်ရမယ့်လမ်းတွေ မေမေမြင်လွန်းလို့။ အပျိုပေါက်မတွေဆိုတာ အစ်ကိုရဲ့မယားကို အမြဲဂုဏ်ပြိုင်မှာ။ သူတို့ပစ္စည်းအင်အား မေမေတို့ထက် သာနေတော့ သမီး သူတို့ကြားထဲမှာ မျက်နှာငယ်မှာ မေမေက တွေးပြီး သနားမိတယ်။ ပြီးတော့ မောင်ဘဝင်းက သမီးကို ချစ်ကြင်နာရင် သူတို့က မနာလိုဘဲ ခနိုးခနဲ့စကားတွေပြောမယ်၊ ပြီးတော့ သမီးက နောက်ရောက်လာတဲ့ ဧည့်သည်လို သူတို့ လူစုထဲလည်း သွားရပြန်၊ ပစ္စည်းအင်အားကလည်း သူတို့လိုမရှိ၊ သူတို့ကဆီးပြီးနှိမ်မှာပဲ။ ယောကျ်ားဆိုတာက သဘောကောင်းပေမဲ့ နေရာတကာ အလိုက်သိမှာမဟုတ်ဘူး။ တော်တော်ကြာ ကိုယ့်ယောကျ်ားကိုလည်းနားမပူချင်တော့ ဒူးနဲ့မျက်ရည်သုတ်နေရမှာ။ ပြီးတော့ ရှိသေးတယ်၊ အခု မောင်ဘဝင်းက ဒီလူမမည် ညီတွေ၊ နှမတွေကို အဖအရာနှင့် အုပ်ထိန်းနေရတဲ့တာဝန်ကိုလည်း သမီးလည်း ခွဲဝေပြီးခံရမယ်။ သမီးဟာ တစ်ဦးတည်းသော သမီးပီပီ ဘာမှတာဝန်မရှိဘဲ ချမ်းချမ်းသာသာ နေလာခဲ့ရပြီး ဒီတာဝန်တွေထမ်းရရင် ဘယ်လောက်ခေါင်းရှုပ်မလဲ၊ အခု မောင်ဘဝင်းမှာရှိတဲ့ ပစ္စည်းဟာ ဒီမောင်နှမတွေ အလျှိုအလျှိုခွဲယူလိုက်ကြရင် ဘာမှရှိမှာမဟုတ်ဘူး။ အခု မေမေပြောတဲ့ ဒုက္ခတွေခံရတာပဲ အဖတ်တင်မှာပဲ" ဟု ပြောသောအခါ ကျွန်မမှာ အိမ်ထောင်ရေး၏ ခက်ခဲမှုများကို ထင်မြင်ရင်လေးကာ မေမေ့စကားကို နားထောင်လိုက်ပါသည်။

အတွင်းဝန်ကလေး ကိုကျော်ဒင်မှာ ပညာဂုဏ်၊ ရာထူးဂုဏ်လည်း ရှိ၊ ညီအစ်ကိုမောင်နှမလည်း ကျွန်မလို တစ်ဦးတည်းသော သားဖြစ်သည်။ သူ့အလုပ်က ရန်ကုန်က ဘယ်မှမသွားရသော အလုပ်ဖြစ်၍ ကျွန်မတို့၏ ပတ်ဝန်းကျင် မိတ်ဆွေများက နေရာကျလိမ့်မည်ဟု ကျိန်းသေပေါက် ထားခဲ့ပါသည်။ "မောင်ကျော်ဒင်တစ်ယောက်ဖြင့် အတော်ပဲ သဘောကျစရာပဲ သမီးရယ်၊ ညီအစ်ကိုမောင်နှမလည်းမရှိ၊ အမေကြီးတစ်ယောက်ပဲ ရှိတယ်။ ခက်တာက အဲဒီအမေကြီးပဲ။ သူကလည်း သားတစ်ဦးတည်းဆိုတော့ အမြဲလိုက်နေမှာပဲ။ ယောက္ခမနဲ့ နေရတဲ့ မယားသည်ဟာ ဘယ်တော့မှ စိတ်မချမ်းသာဘူး။ အခုကြည့်ရတာ သားလုပ်သူက ရသမျှပိုက်ဆံ အမေ့လက်ထဲထည့်၊ အမေ့ဩဇာချည့်ပဲ။ ဒီတော့ ငါ့သမီးရဲ့ ဩဇာမကိုက်၊ လင်သာဆိုရတယ် ယောက္ခမက ရှေ့ကကာဆီးကာဆီးနဲ့ ပိုင်စိုးပိုင်နင်းမရှိ၊ စိတ်ဒုက္ခများရလိမ့်မယ်။ ပြီးတော့ အခုသမီးဖေဖေဆောက်သွားတဲ့ အိမ်ကြီးမှာ မေမေတို့သားအမိနေလာတာ မောင်ကျော်ဒင်တို့ သားအမိကလည်း မေမေတို့လိုအိမ်ပိုင်ယာပိုင်နဲ့ တစ်ထီးတစ်နန်း နေတာဆိုတော့ မောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ဒင်ကလည်း သမီးဆီ လိုက်နေမှာမဟုတ်တဲ့အကြောင်းကို တီးခေါက်ကြည့်လို့ သိရပြီ။ သူ့အမေ၊ ကိုယ့်အမေ လွန်ခဲ့တဲ့ကြားထဲမှာ ငါ့သမီးမှာ ဘယ်သူမှ မခွဲနိုင်လို့ စိတ်ညစ်ရမှာပဲ။ ပြီးတော့ မောင်ကျော်ဒင့်အမေကြီးဟာ သားကိုအင်မတန်နိုင်တယ်။ ချွေးမရရင်လည်း သူ့လက်အောက်မှာ ဖိထားမှာပဲ။ အခု ဒီကိစ္စကို စကားစပြောဆိုရင်းတောင် သားရှင်ပီပီ စီးပိုးတဲ့စကားတွေ သိပ်ပြောတော့ မေမေလည်း မခံချင်ဘူး၊ ရှေ့ကိုဆိုရင် ဒါထက်ဆိုးမှာပဲ။ အမေကြီးက သူ့သားနဲ့တန်တဲ့မိန်းမ လောကမှာမရှိသလောက်ထင်နေတာ။ ဒီလိုဟာမျိုးနဲ့ ဘယ့်နှယ်လုပ်ပြီး သမီးစိတ်ချမ်းသာနိုင်မှာလဲ" စသည်ဖြင့် လူကြီးပီပီ ရှေ့ရေးမျှော်တွေးလမ်းခင်းပြလိုက်သည်ကို ကျွန်မမှာ နားလည်သွားသဖြင့် "ဟုတ်ပါရဲ့၊ ဒီလို ယောက္ခမဆိုး လက်ထဲမှာ ဒူးနဲ့မျက်ရည်သုတ်နေရမယ့် ဘဝမျိုးတော့ နေရာမကျပါဘူး" ဟု စိတ်ပျက်စွာနှင့် ပယ်လိုက်ရပါသည်။

ထို့နောက် စပ်ဟပ်လာကြသော ပညာရှင်၊ ရာထူးရှင်၊ ပစ္စည်းရှင်များမှာ ရှေ့သွားလေပြီသော နောင်တော်၊ နောင်တော်များ၏ နည်းအတိုင်း အပြစ်ဆိုစရာ တွေ့သဖြင့် ကျွန်မမှာ ငြင်းပယ်ရင်း နှစ်ဆယ်ကျော် အစိတ်ပိုင်းသို့ အရွယ်တော် တစ်ဆိတ်ဟိုင်းလာရသည်။ အစိတ်က သုံးဆယ် သုံးဆယ့်ငါးနှစ်အထိ အေးအေးဆေးဆေး အပျိုကြီးဘဝနှင့် မပူပင် မကြောင့်ကြရဘဲ နေခဲ့ရ၍ အရွယ်မှာ အိုသည်မရှိ၊ ကြာလေနုလေ၊ ပြုပြုပြင်ပြင်နှင့် အလှကျက်သရေတိုးလာခဲ့ပါသည်။ စပ်ဟပ်သူများမှာလည်း ဘယ်ခါမစဲ တသဲသဲ လာကြသော်လည်း နောင်တော့်နောင်တော်များ၏ ယုံးစံအတိုင်း အပြစ်အနာအဆာများတွေ့ရသဖြင့် ပယ်ခဲ့ရပါသည်။

ကျွန်မမှာ နဂိုရုပ်ရည်ကလည်းရှိ၊ မကြောင့်မကြချမ်းသာစွာ နေရသဖြင့် အသက်အရွယ် ဟိုင်းသွားသော်လည်း ကြာလေနုလေ၊ အလှကျက်သရေ မလျော့ဘဲ ရှိခဲ့ရာ ကျွန်မ၏ အသက်မှန်ကို မှန်းဆနိုင်သူ ရှားပါသည်။ ကျွန်မကိုယ်တိုင်ကလည်း ကျွန်မ၏အသက်ကို မေးလာလျှင် "ကျွန်မအသက် မငယ်တော့ပါဘူး။ နှစ်ဆယ်ကျော်ပါပြီ" ဟု မတင်မကျ ပြောခဲ့ပါသည်။ ဤသို့ပြောရင်းပင် ကျွန်မ၏အသက်မှာ နှစ်ဆယ်၏တစ်ဖက်တွင် ဆယ့်ငါးနှစ်ကျော် လွန်လာခဲ့ပါသည်။

ကျွန်မမှာ ကျွန်မ၏ လွတ်လပ်အေးငြိမ်းချမ်းသာသောဘဝတွင် ပျော်မွေ့လျက် ရှိပါသည်။ ကျွန်မနှင့် ရွယ်တူသူငယ်ချင်းတွေ သားပူသမီးပူလင်ပူတွေ တွေ့နေရသည်ကို မြင်ရလေလေ ကျွန်မ၏ ကုသိုလ်ကိုပြန်၍ ကျေးဇူးတင်ရလေလေ ဖြစ်ပါသည်။ ကျွန်မမှာမေမေကလွဲ၍ သံယောဇဉ်မရှိ။ သားအမိနှစ်ယောက်မှာ အမြဲမခွဲမခွာ ပူးတွဲ၍ ပျော်ရွှင်စွာ နေကြပါသည်။

ကျွန်မအသက် သုံးဆယ်ငါးနှစ် ရှိသောအခါ ကျွန်မရုံးတွင် အလုပ်လုပ်သက်မှာ ဆယ့်ငါးနှစ်ခန့် ရှိပြီဖြစ်၍ လခလည်း ကြီးပါသည်။ သားအမိ နှစ်ယောက်တည်းဖြစ်၍ နဂိုက ရှိရင်းစွဲပစ္စည်းများမှာ လျော့သည်မရှိ၊ တိုးသည်သာ တိုးပါသည်။

ဤသို့ချမ်းချမ်းသာသာနေစဉ် တိမ်စင်သော ကောင်းကင်ထက်မှ ဖြုန်းခနဲ မိုးကြိုးပစ်ချလိုက်သလို မေမေမှာ ရုတ်တရက် အနိစ္စရောက်သွားပါသည်။ ကျွန်မမှာ တစ်သက်နှင့်တစ်ကိုယ် မကြုံစဖူး ပူဆွေးရပါသည်။ ဖေဖေဆုံးစဉ်ကမှာ မေမေရှိနေသဖြင့် တော်ပါသည်။ ယခုအခါမှာ ကျွန်မတွင် အားကိုးရာမဲ့သော သောင်ပြင်လွတ်သည့်ခွေးလို ကျန်ခဲ့ပါသည်။ ကျွန်မမှာ မျက်စိသူငယ်နှင့် ဆောက်တည်ရာမရ။ ဘယ်သွားရတော့မလို ဘယ်လာရတော့မလို အရူးလို ဖြစ်နေပါတော့သည်။

ထိုအခါ ကျွန်မ ငယ်စဉ်က ထိန်းလာခဲ့သည့် လူယုံတော်အဒေါ်ကြီး ဒေါ်စာက "ခက်တယ်၊ ခက်တယ်၊ မမလေးမှာ ယောကျ်ားအားကိုး အားထားမရှိတော့ ပစ္စည်းဥစ္စာတွေနှင့် ရန်များတော့မယ် ရှေ့ရေးခက်တယ်" ဟု မျက်ရည်စမ်းစမ်းနှင့် ညည်းညူရှာပါသည်။

ကျွန်မက "အို ဒေါ်စာကလည်း ကျွန်မတို့မှာ ပစ္စည်းအခြေအနေလည်းရှိ၊ ပညာလည်းရှိ၊ အလုပ်နှင့်အကိုင်နှင့် ယောကျ်ားမရှိလို့ ဘာမှမဖြစ်ပါဘူး" ဟုသာ ပြောရသော်လည်း မေမေကွယ်လွန်သွားသည့်အခါ အားကိုးရာမဲ့အားငယ်မိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ကျွန်မမှာ ဒေါ်စာကို အဖော်ပြု၍နေခဲ့ရာ မေမေရှိစဉ်ကကဲ့သို့နှင့်မတူ မျက်နှာငယ်သည်ဟု ထင်မိပါသည်။ မိတ်ဆွေသူငယ်ချင်းများက "မခင်မူတစ်ယောက် သနားစရာပဲ။ သူ့ခမျာ အဖေလည်းမရှိ၊ အမေလည်းမရှိ။ အိမ်ထောင်ရက်သားလည်း မရှိ၊ ဒုက္ခပါပဲ" ဟု ကျွန်မနောက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကွယ်သာမက ရှေ့မှာပင် ပြောဆိုကြပါသည်။ တချို့မှာ စိတ်ထဲက တကယ်သနား၍ပြောကြသော်လည်း အချို့မှာ ချိုးမွမ်း ခြေကျော့ကာဆိုသလို ပြောကြသဖြင့် ကျွန်မမှာ မခံချိ မခံသာဖြစ်မိပါသည်။ အချို့ကလည်း "ဟိုတုန်းက စပ်ကြဟပ်ကြတာတွေကို အမှုလုပ်နေလိုက်တာ ခုတော့ တယ်ကောင်း။ အပျိုဟိုင်းကြီးဖြစ်ပြီး လူမလေးခွေးမခန့် နေရတာပေါ့။ တော်တော်ကြာ ဘယ်က ဣတ္ထိယသိုက် သမားနှင့် တွေ့မယ်မသိဘူး" စသည်ဖြင့် အမနာပစကား များကို မကြားတကြား ပြောကြသဖြင့် ကျွန်မမှာ စိတ်ညစ် မိပါသည်။

ကျွန်မမှာ ပစ္စည်းဥစ္စာပညာ ပြည့်စုံ၍ ယောကျ်ားယူ ဖို့ကိစ္စမှာ အပိုသက်သက်ဖြစ်သည်ဟု ထင်မှတ်ခဲ့သော် လည်း ဤသို့ လူအများပြောကြဆိုကြသံ ကြားရသောအ ခါ ယောကျ်ားရှိမှပဲ ဖြစ်တော့မလို ဖြစ်နေပါသည်။ ကျွန်မ နှင့် ရွယ်တူသူငယ်ချင်းမိတ်ဆွေများကလည်း သူတို့လင် တွေ၊ သားသမီးတွေနှင့် လာရောက်လည်ပတ်ရင်း "မခင်မူ ရဲ့ ဒါလောက် ဘာကြောင့်အချိန်ဖြုန်းနေရတာလဲ၊ ကျွန်မ တို့ ကြည့်ပါဦး။ သားရှင်ပြုရတော့မယ်" စသည်ဖြင့် နောက်ကြ၊ ပြောင်ကြတာကိုလည်း မခံချင်သော်လည်း မချိ သွားဖြဲနေရပါသည်။

မေမေ မရှိသောအခါ သူငယ်ချင်း မိတ်ဆွေများ ကိုသာ အားကိုးနေရသဖြင့် သူတို့တတွေကလည်း အိမ်ထောင်ပြုဖို့သာ တိုက်တွန်းကြပါသည်။ ကျွန်မမှာ မေမေ အရင်က ပြောခဲ့၊ ဆုံးမခဲ့တာတွေကို သတိရ၊ ဟမျှော်တခေါ်ကြီး တွေး၍ ငြင်းပယ်ခဲ့သော်လည်း မေမေ ကလည်း မရှိ၊ အားကိုးရာမဲ့ အခြေအနေတွင် စိတ် တဖြည်းဖြည်းကျခဲ့ အိမ်ထောင်ရေးကို ရှေးကလောက် ရှောင်ဖယ်လိုစိတ် မရှိတော့ပါ။ ထို့ကြောင့် မေမေဆုံးပြီး တစ်နှစ်ခန့်ကြာလျှင် မိတ်ဆွေသူငယ်ချင်းများ ဘေးတီး တိုက်တွန်းချက်အရ ဝတ်လုံတော်ရ ဦးတင်အောင်နှင့် ဖူးစာဆုံခဲ့ရပါသည်။

ဦးတင်အောင်မှာ မုဆိုးဖိုဖြစ်၍ သားသမီးအတွယ် အတာမရှိ၊ အသက် ၄၀ ကျော်ရှိပါပြီ။ စိတ်သဘော ကောင်း၍ ကျွန်မတို့မိဘများနှင့် သိကျွမ်းသောမိတ်ဆွေ ဟောင်းတစ်ဦး ဖြစ်ပါသည်။ ကျွန်မ၏ အကြောင်းကို ကောင်းကောင်းသိခဲ့သူ ဖြစ်သဖြင့် ကျွန်မအပေါ်တွင် ကြင် နာညှာတာပါသည်။ အသောက်အစားကင်းသော လူကြီး လူကောင်းတစ်ယောက်ဖြစ်၍ အများက ကြည်ညိုခံရပါ သည်။

ဦးတင်အောင်လိုလူနှင့် စိတ်ချမ်းသာဖို့တော့ ကောင်း သော်လည်း ကျွန်မ၏စိတ်ချမ်းသာမှုမှာ တင်းပြည့်ကျပ် ပြည့်မရှိပါ။ အဘယ်ကြောင့်နည်းမေးသော် အဖြေမှာ တိုတို နှင့် မပြီး ရှည်လျားလှပါသည်။

အိမ်ထောင်ရေးနှင့် ပတ်သက်၍ ကျွန်မစိတ်တွင် သဘောမကျသည့်အချက်တစ်ခုမှာ ဦးတင်အောင်သည် ဆေးပြင်းလိပ် သောက်ပါသည်။ အိမ်မှာ နေရာတကာ ဆေးလိပ်ပြာတွေ ချထားဟတ်သည်ကို ကျွန်မ အလွန်ပဲ ရှုံ့ပါသည်။

ဆေးလိပ်ပြာသာမက ဆေးလိပ်အတိုကလေးတွေ ကို အိပ်ရာနံဘေး ကြွက်လျှောက်ပေါ်မှာ စီတင်ထားတတ် ပါသည်။ တစ်ခါ အိမ်က အစေခံမကလေး တံမြက်စည်း လှည်းပစ်မိ၍ ခါတိုင်း အင်မတန် ညင်ညင်သာသာပြော တတ်သူ ဖြစ်လျက်နှင့် ရိုက်ပုတ်မတတ် မောင်းမဲသဖြင့် ကျွန်မ ကြားဝင်တောင်းပန်ရပါသည်။ အိပ်ရာခင်း၊ ခေါင်း အုံးစွပ်များမှာ ဆေးလိပ်စော်နံသဖြင့် ကျွန်မ တစ်ခါတစ်ခါ မအိပ်နိုင်ပါ။

သူ၏စွပ်ကျယ်၊ လုံချည်၊ အဝတ်အစားများကို ချွတ်ပြီး လက်အနားမှာရှိသော ဒိုဘီခြင်းထဲသို့မထည့်။ ကြမ်းပေါ်မှာ ပုံထားတတ်ပါသည်။ တစ်ခါတစ်ခါ အိပ်ရာ ပေါ် ပုံထားတတ်ရာ ချွေးစော်၊ ဆေးလိပ်စော် အနံ့များမှာ ကူးစက်ပြီး အားလုံးကုန် နံစော်နေပါသည်။ ထို့ပြင် သူ၏ ဒိုဘီပေးပြီးသား၊ လျှော်ပြီးသား အဝတ်များကို အစက ကျွန်မအဝတ်အစားများနှင့်အတူ ဗီရိုတစ်ခုထဲမှာ ရော ထားပါသည်။ ကျွန်မမှာ ကျွန်မ၏ ချွေးခံအင်္ကျီများနှင့် သူ့စွပ်ကျယ်၊ ရုပ်အင်္ကျီများ ရောနှောနေသည်ကို မြင်ရတာ ဘာစ်မျိုးကြီးပဲ၊ ရှက်သလိုလို ဘာလိုလိုဖြစ်သည်။ ယောကျ်ားတစ်ယောက်၏ ပစ္စည်းများ ကျွန်မ၏ပတ်ဝန်း ကျင်ကွင် ဤသို့နီးကပ်ရင်းနှီး ရောနှောနေသည်ကို ကျွန်မ စိတ်က လက်မခံနိုင်သဖြင့် သူ့အဝတ်တွေကို တခြားမှာ ရွှေ့ထားလိုက်ပါသည်။ တစ်ခါတစ်ခါ သူ့ပစ္စည်းတစ်ခု ရှာမတွေ့လျှင် ကျွန်မ၏ ဗီရိုကိုဖွင့် ချွေးခံအင်္ကျီတွေ၊ ဘာ တွေကြားထဲ မွှေတတ်သည်ကို ကျွန်မ နည်းနည်းမှမကြိုက်

www.burmeseclassic.com

www.burmeseclassic.com

ပါ။ ထို့ပြင် ကျွန်မသုံးသည့် တို့ပတ်ပဝါ၊ လက်ကိုင်ပဝါ၊ မျက်နှာသုတ်ပဝါများကို သူက အလွယ်တကူယူသုံးတတ်သေးသည်။ ကျွန်မ မမြင်စဉ် ယူသုံးစေကာမူ သူ့ဆေးလိပ်နံ့ကြီးက ကျန်နေခဲ့၍ သိသာပါသည်။ ထိုအနံ့ကြီးမှာ ကျွန်မ၏ ရန်သူဖြစ်ပါတော့သည်။ သူတစ်ခါသုံးသွားလျှင် ကျွန်မသုံး၍ မဖြစ်တော့ပါ။ အနံ့ကြီးက ဘယ်လိုလုပ်လုပ် စွဲကျန်ခဲ့ပါသည်။ ထိုအကြောင်းကို ရင်းနှီးသည့် မိန်းမမိတ်ဆွေများကို ပြောပြရာ "ဟဲ ဟဲ အပျိုကြီး လင်ယူစဆိုတော့ ယောကျ်ားစော်နံ့တာ မခံနိုင်ဖြစ်နေပြီ။ ကြာတော့ ယဉ်သွားပါလိမ့်မယ်။ မပူပါနဲ့" ဟု ရယ်သွမ်းသွေးပြောကြပါသည်။

ကျွန်မမှာ အသက် ၃၅ နှစ်အထိ လွတ်လပ်စွာနေခဲ့ရာ ကိုယ့်စိတ်တိုင်းကျချည်း လုပ်ခဲ့ရသည်။ အိမ်ထောင်ကျလာသည့်အခါ ချုပ်ချယ်မှုတွေ ရှိလာတော့သည်။ ပြောရလျှင် အသေးအဖွဲ့များမှာ အလွန်ပဲအရေးကြီးပါသည်။ ဥပမာ ရေးက ကျွန်မသွားစရာ လာစရာရှိလျှင် စိတ်တိုင်းကျအလှပြင်ရာတွင် အချိန်ဘယ်လောက်ကြာကြာ ကိစ္စမရှိပါ။ ယခုအခါ လင်သည်ခမျာ စောင့်ရသည်ကို အားနာရပြန်သည်။ ထို့ပြင် ရေးအခါက ဝတ်စရာလုံချည်တွေ တစ်ပုံတစ်ခေါင်းရှိနေမင့်။ သွားခါနီးမှ အထက်ဆင် မတပ်ရသေးသည့် လုံချည်ကို ဝတ်ချင်စိတ်ပေါက်လာလျှင် စိတ်အလိုလိုက်၍ သွားစရာဘယ်လောက်အရေးကြီးကြီး ထိုလုံချည်ကို ဝတ်ဖြစ်အောင် ချုပ်လုပ်ပြီးမှ လမ်းထွက်ပါသည်။ ဘာစ်ခါတစ်ခါ အဝတ်အစားဝတ်ဖို့ အပြင်ထုတ်လိုက်လျှင် ဘော်လီလက်ကြိုးပြတ်နေတာတွေ့လျှင် တခြားဘော်လီတွေ တစ်ပုံကြီးထဲက ကောင်းတာရွေးမယူပါ။ ထိုလက်ကြိုးပြတ်သည့်ဘော်လီကိုပင် ဘယ်သူအလျှင်လို၍ ဘာဖြစ်နေနေ ထိုဘော်လီကို ပြင်ဆင်ပြီးမှ ဝတ်ပါသည်။ ဤမျှလောက် ကိုယ့်ကိုယ်ကို အလိုလိုက်လာခဲ့ပါလျက် ယခုအခါ ကျွန်မမှာ အခြားသူတစ်ဦးကို အလိုလိုက်ရမည့် အလှည့်ကြုံနေပါသည်။

သွားစရာရှိလျှင် ကျွန်မကိစ္စကို ကျိုးချဲ့မနေအားဘဲ လင်တော်မောင် ဝတ်ဖို့၊ ဆင်ဖို့ကို ပြင်ဆင်ပေးရပါတော့သည်။

"မှုရေ ဟိုနေ့က ဝယ်လာတဲ့ ဘန်ကောက်လုံချည် မချုပ်ရသေးဘူးလား၊ ဒီနေ့ အဲဒီလုံချည်ဝတ်ရင်ကောင်းမှာပဲကွယ်။ အခုသွားဖို့ အချိန်လိုပါသေးတယ်။ စက်နဲ့ တစ်ကြောင်းလောက် ပေါက်လိုက်ပါလား"

"ဟောဒီ ရုပ်အင်္ကျီ ကြယ်သီးတစ်လုံး ပြုတ်နေပြီ။ သွားခါနီးတယ်ခက်တာကိုး။ အမှုရေ ဒီနေ့ မောင်ဝတ်မယ့် လုံချည်က ဒီရုပ်အင်္ကျီနဲ့မှ လိုက်လို့ အသီးတပ်ပေးစမ်းပါကွယ်၊ မကြာပါဘူး"

အဲဒီလို သူကျိုးချဲ့တာတွေကို ကျွန်မက လိုက်လုပ်ပေးနေရတော့ ဘယ်မှာ ကျွန်မဖို့ အချိန်ရှိတော့မလဲ။ ပြီးတော့ ရှိသေးတယ်။ သူက ကျွန်မကို 'မှု' လို့ခေါ်တယ်၊ ကျွန်မက သူ့ကို 'မောင်' လို့ခေါ်ရမတဲ့။ သူ့ကိုယ်သူ မောင်လို့ ထည့်ထည့်ပြောရတာ အမောပါပဲ။ ကျွန်မကလည်း သူကို မောင်လို့ခေါ်ရမှာလည်း ရှက်၊ နာမည်ခေါ်ရမှာလည်း ခက်၊ သံပြတ်နှင့်ပြောတာကို သူက အတင်း 'မောင်' ခေါ်ခိုင်းတယ်။ ထမင်းစားဖို့ခိုင်းတဲ့ ကောင်မလေးခေါ်ခိုင်းရင် မလာဘူး။ ပေနေတယ်။ ကျွန်မသွားပြီး "ဒီမယ် ထမင်းစားရအောင်" လို့ခေါ်တော့ သူ့နာမည် 'ဒီမယ်' မဟုတ်ဘူးတဲ့။ ဒါနဲ့ "ဦးတင်အောင် လာထမင်းစားမယ်" လို့ခေါ်တော့ "ဘာမှုလဲ" တဲ့။ အမှုသည်တွေကသာ သူ့ကိုဒီလိုခေါ်တာတဲ့။ ကျွန်မက မဟုတ်ပေါင်၊ ဝတ်လုံတော်ရမင်းလို့ခေါ်ပါတယ်၊ အမှုသည်က ဦးတင်အောင်လို့ မခေါ်ပါဘူးလို့ ဆင်ခြေပေးပေမယ့် မရဘူး။ နောက်ဆုံး မရဲတရဲ 'မောင်' ထမင်းစားမယ်လို့ခေါ်မှ ထလာတယ်။

ထမင်းစားသည့်ကိစ္စမှာ တစ်နေ့နှင့်ပြီးသည့်ကိစ္စဖြစ်မနေ၍ နေ့စဉ်နှင့်အမျှ 'မောင်' ခေါ်ရေးပြဿနာကြီးနှင့် ရင်ဆိုင်နေရပါသည်။ တစ်နေ့တွင် ထမင်းစားခေါ်ရာတွင် ခါတိုင်းမရဲတရဲ သူ့အနား ရစ်သီရစ်သီလုပ်၍ "ထမင်းစားမယ်လေ" ဟု သံပြတ်နှင့် ပြောလိုက်ရာ သူက ဖတ်နေသော သတင်းစာကိုချ၍ ကျွန်မကို ပြုံးကြည့်နေပါသည်။ ကျွန်မမှာ စိတ်မလုံဘဲ ရှက်ကိုးရှက်ကန်းဖြစ်နေစဉ် သူ နေရာက ထ၍ ကျွန်မနှင့် ယှဉ်ရပ်လိုက်ပြီး ကျွန်မပခုံးကို ဖက်ထားပါသည်။ ကျွန်မမှာ အပျိုကြီးစိတ်မကုန်တကုန်ဖြစ်၍ ပို ရှက်ကိုးရှက်ကန်း ဖြစ်နေပါသည်။ သူ့မှာ ကျွန်မထက် အရပ် ခေါင်းတစ်လုံးခန့်မြင့်၍ ကိုယ်လုံးကိုယ်ထည်များ ကျွန်မ၏ နှစ်ဆမျှရှိရာ ကျွန်မမှာ သူ့ရင်ဘတ်ပေါ် မသိမသာ ခေါင်းမှီထားရင်း သစ်ပင်ကြီးအရိပ်အောက်တွင် ဝင်ခိုနေရသလိုပဲဟု တွေး

www.burmeseclassic.com

ပါသည်။ သူကလည်း ကျွန်မအား လေမိုးနေပူတို့မှ ကာကွယ်မည့် အပင်ကြီးပမာ အုပ်ဆိုင်းနေသကဲ့သို့ ထင်မိသည်။ သူက ကျွန်မ၏ မေးစေ့ကို ဆွဲယူပြီး "အမူရယ် မောင့်ကိုမချစ်ဘူးလား" ဟု မေးပါသည်။ ကျွန်မက "အို ရှက်စရာကြီး" ဟု သူ့လက်ထဲက အသာ ရုန်းထွက်မည် လုပ်ပါသည်။ "မဟုတ်ပါဘူးကွယ် 'မောင်' လို့ခေါ်ရမှာ ဒါလောက် ဝန်လေးသလားလို့ပါ။ မချစ်ရင် ဝန်လေးမှာပါလေ၊ ဒါလောက်ကလေးမှ အလိုမလိုက်ရင်လည်း နေပါတော့"ဟု သူက အသာအယာ ပြောလေသည်။

ကျွန်မမှာ သူ့ကိုသနားသွားပြီး "ဝန်လေးလို့မဟုတ်ပါဘူး" ဟု ခပ်ဖြည်းဖြည်းပြောရာ သူက "ဝန်မလေးရင် ဘာလို့မခေါ်တာလဲ၊ အမူ သိပ်ဝန်လေးနေရင် မတိုက်တွန်းပါဘူး။ အမူမလုပ်ချင်တဲ့ အလုပ်ကို တိုက်တွန်းရင် အမူ စိတ်ညစ်မှာ စိုးပါတယ်" ဟု ပြန်ပြောပါသည်။ သူက ယခုလို ပြောလိုက်သောအခါ ကျွန်မမှာ ဘာမှပြန်ပြောရမှန်းမသိ ဖြစ်နေပါသည်။ ထိုအခိုက် ဒေါ်စာက တစ်ဖက်ခန်းမှနေ၍ "မမလေး ဟင်းတွေ အေးကုန်ပြီ" ဟုပြောလိုက်ရာ ကျွန်မသည် သူ့မျက်နှာကို ပြုံးပြုံးကလေးမော့ကြည့်ပြီး "မောင် ထမင်းစားကြစို့" ဟု ခေါ်လိုက်ရာ မောင့်မှာ ပီတိတွေလွှမ်းသွားပါတော့သည်။

ဦးတင်အောင်(ဝါ)မောင်သည် ကျွန်မအပေါ်တွင် အလိုလိုက် ယုယကြင်နာသမှုကလေးများကို နေ့စဉ်နှင့်အမျှ တွေ့ရပါသည်။ ဒေါ်စာကလည်း သူ့လိုလူရှာမှရှားသည်ဟု အနားက တဖွဖွပြောရုံမက ကျွန်မ စိတ်ပျက်သည့်အချက်များကို ပြောပြသောအခါ ကျွန်မကို သနားရုံမက "မမလေး ဒါတွေခက်တာပဲ။ အဖိုးကြီးတွေများ ဒါမျိုးချည့်ပဲ၊ ကျီးများတာက လွန်လွန်းတယ်။ လူ့ဘဝမှာ ဒီအသေးအဖွဲတွေ အကြီးအကျယ် လုပ်နေလို့ ဘယ်တော့ပြီးတော့မှာလဲ" ဟု ပြောပါသည်။

တစ်နေ့သော် မောင်မှာ အရေးကြီးသော အမှုတစ်ခုရှိ၍ ပဲခူးသို့ သွားရပါသည်။ ကျွန်မမှာ မောင်နှင့်လက်ထပ်ပြီးကတည်းက တစ်ခါမှ မခွဲဖူးသေးရာ ဝမ်းနည်းသလိုလိုဖြစ်နေပါသည်။ "အမူ ပျင်းနေတော့မှာပဲထင်တယ်။ မောင်မကြာပါဘူးကွယ်၊ သုံးရက်တည်းပါ" ဟု သွားခါနီး ချော့မော့ရှာပါသေးသည်။

မောင်ထွက်သွားသောအခါ ကျွန်မမှာ ဟာတိဟာတာ ဖြစ်ကျန်ရစ်ခဲ့တော့သည်။ အိမ်ပတ်ဝန်းကျင် အရပ်ရပ်မှာလည်း မောင့်ကို သတိရဖွယ်ချည့်ဖြစ်နေတော့သည်။ အိပ်ရာ၊ ခုတင်နံဘေး ကြွက်လျှောက်ပေါ် တင်ထားသော ဆေးပြင်းလိပ်တိုကလေးများကိုကြည့်ပြီး မျက်ရည်ကျမိသည်။ မောင်သည် ဆေးပြင်းလိပ်အတို အလွန်မြတ်နိုးသည်ကို သတိရ၍ ထိုဆေးပြင်းလိပ်တိုကလေးများကို တစ်ခုစီကောက်၍ ယွန်းသေတ္တာကလေးထဲ ထည့်ထားလိုက်ပါသည်။

မိုးကလည်းအေးသည်နှင့် တစ်ယောက်တည်း အိပ်ရာပေါ်လှဲရင်း၊ ရှေးဖြစ်နောက်ကြောင်းတွေ စဉ်းစားရင်း ကွယ်လွန်သူ မိဘတွေသတိရကာ မျက်ရည်မဆည်နိုင်ဖြစ်မိသည်။ ငိုချင်လျက်လက်တို့ဆိုသလို ငိုချင်စရာတွေချည့်ဖြစ်သဖြင့် အားရပါးရ ငိုမိပါသည်။ အားရမှ ရေချိုးခန်းထဲဝင် မျက်နှာသစ်ပြီး တန်းပေါ်က မျက်နှာသုတ်ပဝါကို ဆွဲသုတ်လိုက်ရာ ဆေးပြင်းလိပ်နှင့် ချွေးနံ့ကြီး ကျွန်မနှာခေါင်းထဲ တိုးဝင်လာပါသည်။ ခါတိုင်းလိုဆိုလျှင် ဒေါ်ပွ၍ မျက်နှာသုတ်ပဝါကို လွှင့်ပစ်မည်ဖြစ်သော်လည်း ယခုအခါမှာ မောင့်ကိုသတိရ၍ ထိုမျက်နှာသုတ်ပဝါကို ကျွန်မပါးနှင့် အပ်ထားမိသည်။

မောင် မနက်ကမှထွက်သွားသော်လည်း ကျွန်မအဖို့မှာ ဆယ်ရက်ခန့်ကြာသွားပြီဟုထင်ပါသည်။ မောင် သုံးရက်တောင် ကြာဦးမည်ကို တွေးမိသောအခါ ပိုရင်လေး၍ ဒီအချိန်အတွင်း ဘယ်လိုလုပ်နေရပါမလဲဟု အောက်မေ့မိသည်။

အိပ်နေလျှင် အချိန်ကုန်မှာပဲဟု အိပ်ရာထဲ ပြန်လှဲ၍ ဇွတ်မှိတ်အိပ်လိုက်ရာ အိပ်ပျော်သွားသည်မှာ မည်မျှကြာသည်မသိ၊ ကျွန်မအနီး တစ်စုံတစ်ယောက် ရောက်နေသလို အိပ်မက် မက်သလိုဖြစ်သဖြင့် မျက်လုံးဖွင့်ကြည့်လိုက်ရာ ကျွန်မနံဘေးတွင် ဒူးထောက်ကာ ကျွန်မ၏လက်များကို အသာအယာ ယုယကိုင်နေသော မောင့်ကို တွေ့ရသဖြင့် "ဟင် မောင် မောင် ဘယ်တုန်းက ရောက်သလဲ၊ သုံးရက်တောင် ကြာသွားပလား" ဟု မယုံကြည်နိုင်အောင် မေးရင်း ထထိုင်ပါသည်။

မောင်သည် ကျွန်မ၏နံဘေး ဝင်ထိုင်ပြီး "ပဲခူးသွားဖို့ကိစ္စကို 'တခြားဝတ်လုံတစ်ယောက် လွှတ်လိုက်ပြီ' မောင်

www.burmeseclassic.com

www.burmeseclassic.com

လည်း အမှုတစ်ယောက်တည်း ထားခဲ့ရမှာကို စိတ်မကောင်းလို့ ကြိမ်ဖန်လုပ်လိုက်တယ်။ အမယ် မောင့်မျက်နှာသုတ်ပဝါကြီး ဘယ့်နှယ်လည်ပင်းပတ်ထားတာလဲ ဆေးလိပ်စော် မနံဘူးလား" ဟု မေးလိုက်သောအခါ ကျွန်မမှာ မျက်နှာကို သူ့ရင်ခွင်ထဲ ဝှက်ကာ "မောင် နောက်ကို အမှုတစ်ယောက်တည်း မထားခဲ့ရဘူး" ဟုသာ ပြောလိုက်မိပါတော့သတည်း။

❖

အတွဲ–၁၊ အမှတ်–၂၊ ၁၉၄၇၊ ဇူလိုင်၊ ရှုမဝ မဂ္ဂဇင်း

www.burmeseclassic.com